ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ - ၉. ၈. ၀၉

## သူငယ်ချင်းမိတ်ဆွေပဋိညာဉ် (The Covenant of Friendship)

"အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။ အာဗြဟံသည်လည်း ဘုရားသခင်၏အဆွေဟူ၍ ခေါ်ဝေါ်ခြင်းကို ခံရ၏။" ယာကုပ် ၂း၂၃

"ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟုမခေါ်၊ ကျွန်မူကား၊ ကိုယ်သခင်ပြုသောအမှုကိုမသိ၊ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား ငါသည် ခမည်းတော်၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။" ယော ၁၅း၁၅

"ထာဝရဘုရားသည် အဆွေခင်ပွန်းခြင်းကိုနုတ်ဆက်တတ်သည်နည်းတူ မောရှေနှင့် မျက်နှာချင်းဆိုင် နုတ်ဆက်တော်မူ၏။" ထွက် ၃၃း၁၁

လူသားအချင်းချင်းဆက်ဆံမှုများ ပြိုကွဲသည်ထက် ယနေ့ခေတ်တွင် ပို၍အရေးသည်များရှိတတ်ပါသည်။ အတွေးအခေါ်အရ ကျွန်တော်တို့ ပို၍တိုးတက်လေ၊ လူများအချင်းချင်းကြားဆက်ဆံရေးပို၍ ပြိုကွဲလေဖြစ်သယောင်တွေ့နေရပါသည်။ တိုင်းပြည်များကြား ပို၍ဆန့်ကျင်နေကြသည်။ လူမျိုးများအကြား ပို၍မုန်းလေလေ၊ တဦးချင်းတို့လည်း မတည့်နိုင်လေဖြစ်နေကြပါသည်။ တင်းမာခြင်း၊ အကြမ်းဖက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အထီးကျန်ခြင်း တို့သည် ပို၍သာများလာသည်ဟု ထင်မှတ်ရပါသည်။ ယနေ့အခါတွင် စစ်မှန်သောသူငယ်ချင်းမိတ်ဆွေဖြစ်မှုသည် အတော်ပင်ရှားပါးသောအရာ ဖြစ်လာခဲ့ပြီဖြစ်သည်။

### ၁။ ပဋိညာဉ်နှင့်သူငယ်ချင်းဖြစ်မှု(The Covenant and Friendship)

အမှန်ပြောရလျှင် ကျမ်းစာထဲတွင် သူငယ်ချင်းဖြစ်မှုအကြောင်းသည် အလွန်ထင်ပေါ်သောအမှန်တရားဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျေးဇူးတော်ပဋိညာဉ်၏အိုင်ဒီယာနှင့် သူငယ်ချင်းဖြစ်မှုအိုင်ဒီယာတို့သည် အတော်ကိုထပ်တူကျကြောင်းတွေ့ရပါသည်။ ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်း ဟုပြောရာတွင်၊ တကယ့်အဓိပ္ပါယ်မှာ ပဋိညာဉ်ဟောင်းနှင့်ပဋိညာဉ်သစ်ဟုပြောနေခြင်းဖြစ်သည်(Old and New Testament = covenant)။ ကျမ်းစာဆိုသည်မှာ ဘုရားသခင်သည် သူ့လူများ၏သူငယ်ချင်းဖြစ်သည်ကို အမြင့်ဆုံး ဖေါ်ထုတ်ပြောဆိုရာ နေရာဖြစ်ပါသည်။

ထိုသူငယ်ချင်းဖြစ်မှုအနှစ်သာရကို ဖန်ဆင်းခြင်း၌တွေ့နေရပါသည်။ ကမ္ဘာ ၁း၂၇ "ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းတော်မူ၏။" သဘာဝတရားတခုလုံးရှိ ဘုရားသခင်၏လက်ရာတော်ကို သိမြင်ခံစားနိုင်ရန် လူကို ဖန်ဆင်းထားပါသည်။ သိမြင်ပြီးသောအခါ၊ ဘုရားသခင်ကိုချီးမွမ်းလျှက်ပြန်လည်တုန့်ပြန်ပြောပြတတ်သူအဖြစ် ဖန်ဆင်းထားပါသည်။ ထိုအကြောင်းကို ပဋ္ဌညာဉ်ထိန်းမြားခြင်းမှ မိမိ၏ဇနီးနှင့် မိသားစုထံ၌လည်း ဝေငှခံစားတတ်သူဖြစ်ရန် ဖန်ဆင်းထားပါသည်။

နောက်ပိုင်းတွင် ဘုရားသခင်သည် သူ၏ပဋိညာဉ်ကို အာဗြဟံထံ၌ပြုတော်မူ၍ ဤသို့ပြောပါသည် ကမ္ဘာ ၁၇း၇ "ငါသည် သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ဘုရားဖြစ်မည်ဟု သင်နှင့် သင်၏အမျိုးအနွယ်အစဉ်အဆက်တို့၌ ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်။"ထိုသို့ပြောခြင်းသည် ဘုရားသခင်က သူသည် အာဗြဟံနှင့်အတူ သူငယ်ချင်းအဖြစ် အမြဲနေမည်၊ အာဗြဟံ၏ဝိညာဉ် ရေးရာမျိုးနွယ်၊ သူ၏ယုံကြည်ခြင်းကိုရရှိမွေးဖွားလာသူ အားလုံးတို့ထံ နေတော်မူမည်ဟု ပြောခြင်းဖြစ်သည်။ ၎င်းကို ယာကုပ်က ဤသို့ပြောပါသည် ယာကုပ် ၂း၂၃ "အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။ အာဗြဟံသည်လည်း ဘုရားသခင်၏

အဆွေဟူ၍ ခေါ်ဝေါ်ခြင်းကို ခံရ၏။” ထိုအရာထက်မည်သည့်အရာသည် ပို၍အံ့သြစရာဖြစ်မည်နည်း။ ဘုရားသခင်၏သူငယ်ချင်းဟု အခေါ်ခံရခြင်းသည် အံ့သြစရာကောင်းလှပါသည်။ ၎င်းကို ပဋိညာဉ်ဟု ခေါ်ပါသည်။

## ၂။ သူငယ်ခြင်းဖြစ်ခြင်း၏သဘောသဘာဝ(The Nature of Friendship)

သူငယ်ချင်းဆိုသည်ကို အတိအကျအနက်ဖွင့်လျှင် ဘာကိုဆိုလိုသနည်း။

ကျွန်တော်တို့အားလုံး၏အတွေ့အကြုံတွင် သူငယ်ချင်ဖြစ်မှုနှင့်ပတ်သက်၍ သိသည်များရှိနေပါမည်။ သူငယ်ချင်းဆိုသည်မှာ မိမိ၏ရှင်သန်မှုကို ဝေငှနိုင်သူဖြစ်သည်။ ဆိုလိုသည်မှာ အင်မတန်စိတ်ချရသူ၊ စိတ်ချရလွန်းသဖြင့် မိမိ၏အနက်ရှိုင်းဆုံးခံစားချက်များကိုပင် ဖွင့်ပြောလျှင်လဲ ပြဿနာမရှိနိုင်သူ၊ ထိုသို့ဖွင့်ပြောခြင်းကို လေးစားမည့်သူ၊ ချစ်ခြင်းမေတ္တာဖြင့် ထိုပြဿနာများကို ကူညီဖြေရှင်းပေးသူ ဖြစ်သည်။ ထိုသူမျိုးကို ကျွန်တော်တို့ လိုအပ်ပါသည်။ မိမိ၏ဝိညာဉ်ရေးဘဝကို သူများထံဝေငှဆက်ဆံနိုင်သူအဖြစ် လူကို ဖန် ဆင်းထားပါသည်။ ပထမအနေနှင့် ဘုရားသခင်ထံဝေငှပါသည်၊ ထို့နောက် လူသားအချင်းချင်းထံ ဝေငှဆက်ဆံပါသည်။ ထိုသို့ဖြစ်လျှက်နှင့် ကျွန်တော်တို့သည် စိတ်ပျက်ခြင်းကိုတွေ့ရတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အပြစ်တရားဝင်လာပြီးနောက်ပိုင်း တကိုယ်ကောင်းဆန်မှုနှင့် မုန်းတီးမှုသည် အမြဲတမ်းပါလာသောကြောင့်ဖြစ်သည်။ ထိုကြောင့် တဦးကိုတဦး မဝေငှနိုင် ဖြစ်ရတတ်ပါသည်။ ထိုအချက်ကို ဒါဝိတ်က၊ သခင်ခရစ်တော်ကိုပုံဆောင်လျှက်၊ ဤသို့ကြိုတင်ပြောပြခဲ့ပါသည် ဆာလံ ၄၁း၉ “အကယ်စင်စစ် ငါယုံ၍၊ ငါ့မုန့်ကိုစားသော အဆွေခင်ပွန်းသည် ငါ့ကို ခြေနှင့်ကန်သတည်း။” ထိုသို့ဖြင့် အထီးကျန်ခြင်းသည် ဝင်ရောက်လာပါသည်။ လူသိသမျှထဲတွင် အဆိုးဆုံးဝေဒနာသည် အထီးကျန်ခြင်းပင် ဖြစ်ပါသည်။

ထို့နောက် ဧဝံဂေလိတရား ဝင်ရောက်လာပါသည်။ အပြစ်ကြောင့် ပျောက်သွားသောအရာကို သခင်ယေရှုက ပြန်လည်ရှိစေပြီဖြစ်သည်။ ဤသို့ရှင်းပြပါသည် ယော ၁၅း၁၅ “ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟုမခေါ်၊ ကျွန်မူကား၊ ကိုယ်သခင်ပြုသောအမှုကို မသိ၊ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား ငါသည် ခမည်းတော်၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။” ၎င်းသည် သူငယ်ချင်းဖြစ်ရခြင်း၏ အနှစ်သာရပင်ဖြစ်တော့သည်။ သခင်ယေရှုက ကျွန်တော်တို့အားလုံးကို အစေခံကျွန်များသဖွင် ဆက်ဆံနိုင်သည့် အကြောင်းအရာများစွာရှိပါသည်။ ကျွန်တော်တို့မထိုက်တန်ဘဲနှင့် ကျွန်တော်တို့ကို သူပိုင်ဆိုင်သောလူများအဖြစ် မိမိအသွေးတော်နှင့်ဝယ်ယူ၍ ပြုပြင်တော်မူပါသည်။ ထို့ကြောင့် သူခိုင်းမှုကိုလုပ်ပေးရန် တောင်းဆိုနိုင်ပါသည်။ ထိုမှခြားနားစွာ ကျွန်တော်တို့ကို အယုံကြည်ရဆုံး မိတ်ဆွေများအနေနှင့် ဆက်ဆံပါသည်။ ကောင်းကင်ဘုံမှ ဆောင်ယူလာသော အမှန်တရား၏ အနက်ရှိုင်းဆုံး အချက်များကို ကျွန်တော်တို့ထံ ဝေငှပါသည်။ ခမည်းတော်က ဘာရည်ရွယ်ချက်နှင့် ကမ္ဘာကိုဖန်ဆင်းရကြောင်း သူသိပါသည်။ မည်သို့သောပညာတော်ဖြင့် စကြာဝဠာကြီး လည်ပတ်နေကြောင်း သူ သိပါသည်။ မည်သည့်အဆုံးသတ်သို့ ရောက်သွားမည်ဆိုသည်ကိုလည်း သူသိပါသည်။ ထိုအကြောင်းများကို ကျွန်တော်တို့ထံ ပြောပြပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့သည် သူ့ထံ၌အသက်ရှင်နိုင်ကြရန်ဖြစ်သည်။ နာခံယုံသက်သက်မျှဖြင့်မဟုတ်၊ နားလည်သဘောပေါက်လျှက် ချစ်မြတ်နိုးစွာနှင့် အသက်ရှင်နိုင်ကြရန်ဖြစ်သည် (ယော ၁၄း၁၅)။ ရောမ ၁၁း၃၃ က ဤသို့ရှင်းပြပါသည် “ဘုရားသခင်၏ ပညာနှင့်ဥာဏ်တော်သည် အလွန်ကြွယ်ဝန်းနက်နဲစွတကား၊ စီရင်တော်မူချက်တို့ကို အဘယ်သူမျှ စစ်၍ မကုန်နိုင်။ ကြွတော်မူရာလမ်းတို့ကို လိုက်၍ရှာသော်လည်း မတွေ့မမှီနိုင်။”

ထိုအကြောင်းကို သခင်ယေရှုက ဤသို့ပြောပါသည်၊ ယော ၁၇း၃ “ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင် တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကို၎င်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကို၎င်း သိကျွမ်းခြင်းတည်း။” ကျေးဇူးတော်ပဋိညာဉ်ထဲသို့ အာဗြဟံ၏သားသမီးများအဖြစ်နှင့်ဝင်ရောက်ကြသောအခါ၊ ကျွန်တော်တို့သည် ဘုရားသခင်၏သူငယ်ချင်းများ ဖြစ်လာကြပါသည်။ ဘုရားသခင်နှင့်အတူ ဘယ်တော့မှမကုန်ဆုံးနိုင်သောအသက်ကို ကျွန်တော်တို့ အတူကွရှင်သန်ကြမည်ဖြစ်သည်။ ထိုအရာသည် ကျွန်တော်တို့ထံသို့ သခင်ခရစ်တော်အားဖြင့် ရောက်လာခြင်းဖြစ်သည် (မဿဲ ၁၁း၂၇)။

၃။ သူငယ်ခြင်းဖြစ်မှုကိုဖေါ်ထုတ်ပြသခြင်း(The Expression of Friendship)

ထိုသူငယ်ချင်းဖြစ်မှုအကြောင်းကို သဘာဝတရားထဲတွင်တွေ့ရပါသည်ဟု စတင်ရမည်။ သားတော်အားဖြင့် အားလုံးကိုဖန်ဆင်းတော်မူသည် (ယော ၁း၃)။ ဆာလံ ၁၉း၁ ကဆက်ပြောပါသည် "မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍ မိုးမျက်နှာကျက်သည် လက်တော်နှင့်လုပ်သောအရာများကို ပြသ၏။" ထိုသို့သောဗျာဒိတ်ဖွင့်ပြချက်(revelation)ကို အာဒံ ပြည့်စုံစွာနားလည်ခဲ့ပါသည်(perceptible)။ ဖန်ဆင်းခြင်း၏ မည်သည့်အပိုင်းကိုကြည့်လိုက်လျှင် မဆို အာဒံသည် နာမည်ကိုသိသည်၊ အနှစ်သာရကိုသိသည်၊ ထိုနားလည်ခြင်းကို စကားလုံးများဖြင့် ပြန်ဖေါ်ပြနိုင်သည် (ကမ္ဘာ ၂း၁၉)။ သို့သော် အပြစ်ထဲသို့ကျဆုံးပြီးနောက်မူ၊ ထိုနားလည်းခြင်းအားလုံးတို့သည် ပုံစံပျက်လျှက်နားလည်ခြင်းသို့ပြောင်းသွားပါသည်။ (ဆိုလိုသည်မှာ နားတော့နားလည်သေးသည်၊ သို့သော် ပုံသဏ္ဍာန်မမှန်စွာနှင့်သာနားလည်တော့သည်။ ဘာသာပြန်သူ)

ထို့ကြောင့် ဘုရားသခင်သည် အသစ်ဖြစ်သော အထူးဗျာဒိတ်ဖွင့်ပြချက်(A new Special revelation)ကို ပြန်၍ပေးတော်မူသည်။ စာတန်ကိုကျိန်ဆိုခြင်းနှင့်ဆက်နွယ်၍ ဤသို့ပြောပါသည်၊ ကမ္ဘာ ၃း၁၅ "သင်နှင့်မိန်းမကို၎င်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကို၎င်း ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လမ့်မည်။ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။" ထိုကျမ်းပိုဒ်သည် ပထမဆုံးသတင်းကောင်း(ဧဝံဂေလိတရား)ဖြစ်သည်။ ထိုသတင်းကောင်းကိုပင် သမိုင်းတလျှောက်၌ နောက်ထပ်အကြိမ်ပေါင်းမြောက်များစွာ ပုံသဏ္ဍာန်အခြေနေမျိုးစုံဖြင့် ဘုရားသခင်က ဆက်လက်ပြောပြပါသည်။ ထိုသို့ပြောပြချက်များကို ဘုရားသခင်အသုံးပြုခြင်းခံရသူတို့က သေချာစွာဂရုစိုက်လျှက် မှတ်တမ်းတင်ပေးပါသည်။ ၂ပေ ၁း၂၀ "အနာဂတ္တိစကားသည် လူ့အလိုအားဖြင့် ဖြစ်ဘူးသည်မဟုတ်၊ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏။" ထိုမှတ်တမ်းတွင် အမှားမပါရလေအောင် သေချာစွာဂရုစိုက်၍ ထိန်းသိမ်းခဲ့ကြသည်။ ထို့ကြောင့် ထိုမှတ်တမ်းတွင် ဘုရားသခင့်အမှန်တရား၏ တန်းခိုးပါဝင်လျှက်ရှိသည်။ ၂တိ ၃း၁၆ "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဩဝါဒပေးခြင်း၊ အပြစ်ကိုဖေါ်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားတော်ကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။" ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်တော်တို့၏အသက်တာများကို ပြောင်းလဲစေနိုင်ပါသည်။ ကျွန်တော်တို့ကို ဘုရားသခင်၏သူငယ်ချင်းများ ပြန်ဖြစ်စေနိုင်ပါသည်။ (တမန် ၂၀း၃၂)

The Covenant of Friendship by Rev. B. Woudenberg ကိုဘာသာပြန်သည်။

=====================================================

## ရော့ခ်မြူးဇစ် (သို့) ခေတ်သစ်ဂီတ နှင့်ခရစ်ယာန်

### ရော့ခ်မြူဇစ်၏မူလဇစ်မြစ်

ရော့ခ်ဂီတတွင် ပုံသဏ္ဍာန်ကွဲအမြောက်အများရှိပါသည်။ ၂၁ ရာစုတွင် မောဒန်ရော့ခ်နှင့် အခြားပုံစံများ ထပ်မံပေါ်ထွက်လာကြပါသည်။ သို့သော် အားလုံးသည် ၁၉၅၀ ဝန်းကျင်မှ ပရက်စလေ၏ ရော့ခ်အင်ရိုးမှမြစ်ဖြားခံလာကြသည်ချည်းဖြစ်သည်။ ပရက်စလေသည် ရော့ခ်ဂီတကို စတင်သူမဟုတ်ပါ။ ရော့ခ်ဂီတကို လူအများလက်ခံလာရန် တင်ပြနိုင်သူဖြစ်ပါသည်။ ထိုဂီတ၏ပုံစံကို ပရက်စလေသည် အမေရိကန်တောင်ပိုင်း၊ လူမည်းတို့ထံမှရရှိခြင်းဖြစ်သည်။ အခြေခံမှာ "ရီသမ်နှင့်ဘလူး(စ်)"( rhythm and blues = R&B)(အာရ်အင်ဘီ)ဆိုသည့် ဂီတ ပုံစံမှဖြစ်သည်။ လူမည်းဂီတကို လူဖြူတယောက်က အများလက်ခံလာရန် ဖန်ဆီးခြင်းဖြစ်သည်။

ထိုလူမည်းဂီတ "ရီသမ်နှင့်ဘလူး(စ်)"သည် အာဖရိကတိုက်တော်ထဲမှ စတင်သောဂီတဖြစ်သည်။ ၁၈ ရာစုနှစ် ၁၉ ရာစုနှစ်များက ထိုအာဖရိကလူမည်းများကို ကျွန်အဖြစ်ဖမ်းကာ အမေရိကသို့

ပို့ဆောင်ခဲ့ကြသည်။ ထိုသို့ပို့ဆောင်ခြင်းက လူမည်းတို့၏ဘာသာရေးကို မထိခိုက်စေခဲ့ပါ။ သူတို့ဘာသာရေး၏အဓိကသည် ဂီတဖြစ်သည်။

အနောက်တိုင်းဥရောပတွင် ဂီတကို အမျိုးအစားခွဲ၍နားလည်ကြပါသည်။ ဘာသာရေးဂီတ(ဘုရားကျောင်းတွင်သုံး)၊ ဖျော်ဖြေရေးဂီတ (ပွဲလမ်းသုံး)၊ စသဖြင့်။ သို့သော် အာဖရိကသားတို့က ထိုသို့ခွဲမထားပါ။ သူတို့အတွက် ဂီတအားလုံးသည် ဘာသာရေးအတွက်ဖြစ်ပါသည်။ သူတို့ဂီတသည် ဘာ သာရေး၏အစိတ်အပိုင်းတခုဖြစ်သည်။ သူတို့၏ဘာသာရေးဆရာကြီး (နတ်ဆရာ၊ ယဇ်ပရောဟိတ်၊ အထက်လမ်း၊အောက်လမ်းဆရာ၊ မှော်ဆရာ)သည် အဓိကဂီတပညာရှင်လည်းဖြစ်တတ်ပါသည်။ သူတို့ဂီတ၏အဓိကရည်ရွယ်ချက်သည် မိမိလူများ နတ်ဘုရားများနှင့် အဆက်အသွယ်ရဖို့ဖြစ်သည်။ နတ်ဆိုးများကို နှင်ထုတ်ရန်ဖြစ်သည်၊ (သို့) ကောင်းသောနတ်များ၏မျက်နှာသာပေးမှုကိုရရန်ဖြစ်သည်။ သူတို့ ခေါင်းဆောင် မှော်ဆရာက သူ့လူများ နတ်ဘုရားများနှင့်ဆက်သွယ်နိုင်ရန် ဂီတဖြင့် မည်သို့ လုပ်ဆောင်ပေးသနည်း။ မှော်ဆရာက ဂီတစည်းချက်ဖြင့်ပြုပါသည်။ အဆက်မပြတ်တီးခတ်နေသော စည်းချက်သံပြင်းပြင်းက(ရော့ခ်ဂီတသံပြင်းပြင်းနှင့်တူသည်) လူသား၏ခံစားချက်ကို တိုက်ရိုက်သွားထိပါသည်။ စစ်သားများညီညာစွာချီတက်ရန် သုံးသော ဒရမ်သံသည်လဲထို့အတူပင်၊ တနေရာမှနောက်တနေရာသို့ ညီညာစွာမောရမှန်းမသိဘဲရောက်သွားစေအောင် စိတ်ခံစားချက်ကို ပြုပြင်သကဲ့သို့ဖြစ်သည်။

ထိုသို့ဖြင့် နတ်ဆရာကြီးက ဒရမ်သံပြင်းပြင်း၊ စည်းချက်မြန်မြန်နှင့်အဆက်မပြတ်တီးခတ်ကာ၊ သူ့လူများ နမူးနထိုင်းဖြစ်လျှက် ဝိညာဉ်တို့၏အသံကိုကြားစေသည်၊ ပုံမှန်ချိန်မမြင်သည်များကို မြင်လာသလိုဖြစ်စေသည်၊ ပုံမှန်ချိန်မလုပ်ရဲသည်များကို လုပ်ရဲလာစေသည်။ ထိုဂီတသည် ရော့ခ်မြူးဇစ် ဖြစ်သည်။ နတ်ဆိုးတို့နှင့်တွေ့စေသည့်ဂီတဖြစ်သည်။

ကျမ်းစာကပြောပါသည်၊ ထိုသို့သောလူရိုင်းတို့သည် ဘုရားများကိုတွေ့သည်မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားအများမရှိပါ။ သူတို့တွေ့သည်မှာ စာတန်၏နောက်လိုက်များကိုတွေ့ခြင်းဖြစ်သည် (ဧဖက် ၆း၁၂)။ ထိုသနားစရာကောင်းသောဂီတသည် ပြင်းထန်သောစည်းချက်အဆက်မပြတ်တီးခတ်သံနှင့် ပုံမှန်စိတ်များကို ပြောင်းလဲလျှက် နမူးနထိုင်းဖြစ်စေကာ အမှောင်ကမ္ဘာ၏ခေါင်းဆောင်နှင့်သူ၏နတ်ဆိုးများ၏လွှမ်းမိုးမှုအောက်သို့ လူများကို ရောက်ရှိသွားစေလေသည်။

ထိုသို့သော လူရိုင်းများကို ကျမ်းစာက ယဉ်ကျေးမှုလျှော့ကျသွားသူများ၊ အသစ်ပြုပြင်ခြင်း မခံရသူများဟု ခေါ်ပါသည်။ သူတို့သည် အပြစ်နှင့်ဒုက္ခဆင်းရဲခြင်းထဲတွင် ပျောက်ဆုံးနေသူများဖြစ်သည်။ ဝိညာဉ်ရေးရာအမှောင်တိုက်ထဲတွင်နေသူများ၊ ဝိညာဉ်တော်၏အလင်းကိုမရကြသူများဖြစ်သည်။ စစ်မှန်သောဘုရားကို ကိုးကွယ်မည့်အစား၊ “ယနေ့ခေတ်ကြီးကိုအုပ်စိုးနေသော” နတ်ဆိုးကို ဝတ်ပြုကိုးကွယ်နေကြသည်။

တချိန်က အနောက်ကမ္ဘာမှတိုင်းပြည်များ၏ယဉ်ကျေးမှုများသည်လည်း ထိုနည်းတူဖြစ်ခဲ့ပါသည်။ သို့သော် သခင်ယေရှု၏ဧဝံဂေလိတရားရောက်ပြီးသောအခါ ကြီးမားသောပြောင်းလဲမှုများဖြစ်လာပါသည်။ မမှန်သောဘုရားကိုကိုးကွယ်ရာမှ၊ မှန်သောဖန်ဆင်းရှင်ကိုကိုးကွယ်လာကြပါသည်။ ကျမ်းစာကို ဖတ်ရှုလေ့လာ၍ အမှန်တရားကိုသိလာကြသည်။ ဘုရားသခင်၏အသိပညာကိုရရှိခါ ဘဝနေထိုင်မှု ပြောင်းလဲတိုးတက်လာကြပါသည်။ ထိုသို့ပြောင်းလဲမှုက ရှေးကရှိခဲ့သော ယဉ်ကျေးမှုဓလေ့ထုံးစံများကိုပါ ပြောင်းလဲစေပါသည်။ ယခင်ရှိခဲ့သော ဓလေ့ထုံးစံများကို အရှိအတိုင်း ဆက်လက်ကျင့်သုံးခြင်း မဟုတ်တော့ဘဲ၊ ကျမ်းစာဖြင့်စစ်ထုတ်ခါ ဘုရားသခင်ခွင့်ပြုသလောက်သာ ဆက်လက်ထိန်းသိမ်းလျှက် ကျမ်းစာမှပြောပြသော် ဘုရားသခင့်ပညတ်တော်(၁၀)ပါးနှင့်မကိုက်သည်များကို ဖယ်ရှားပစ်ကြပါသည်။ ထိုသို့ ပြောင်းလဲခြင်းသည် ဂီတပညာတွင်လဲဖြစ်သည်။ ယခင်က နတ်ဆိုးကိုချီးမွမ်းသည့်ဂီတသည် ဘုရားသခင့်ဂုဏ်တော်ကို ချီးမွမ်းဖို့ ပြန်ဖြစ်လာသည်။ ထို့ကြောင့် ဂီတသည် အသွေးအသားကို လိင်မှုကိစ္စအတွက် လှုံ့ဆော်ရန်မဟုတ်တော့ဘဲ၊ စိတ်နှလုံး၊ ဝိညာဉ်ကို အေးခြမ်းစေဖို့ဖြစ်လာပါသည်။ ထို့ကြောင့် ဘာ့ခ်ျ(Bach)ကဲ့သို့သော ဂီတပညာရှင်များက ကျမ်းစာနှင့်ညီသောဂီတကို ထုတ်လုပ်လာနိုင်ကြသည်။

သို့သော် အနောက်တိုင်း ဥရောပတွင်လည်း “ဉာဏ်သစ်လင်းသောခေတ်” (Englightenment) မှစ၍ ပြန်လည်ယိုယွင်းလာပါသည်။ ခရစ်ယာန်တို့၏စံနှုန်းများ ယိုယွင်းစပြုလာပါသည်။ ဥပမာ ၁၇၈၉ ၌ ဖြစ်ခဲ့သည့် ပြင်သစ်တော်လှန်ရေးသည် ထိုယိုယွင်းခြင်း၏ပြယုဂ်ဖြစ်သည်။ ၁၉ရာစုရောက်သောအခါ၊

ဥရောပသည် “ဩဝါဒမျိုးစုံ”တို့၏ခေါင်းရှုတ်စရာဒေသဖြစ်လာသည်။ ဘုရားသခင်ရှိမှုနှင့် ခရစ်ယာန်ယုံကြည်ခြင်းကို ငြင်းပယ်သော အတွေးအခေါ်တို့ပြန်စတင်လာသည်။ ထိုအချိန်ပေါ်ထွက်လာကြသော အနုပညာရှင်တို့၏ လက်ရာမျိုးစုံတွင်လည်း ထိုဘုရားမဲ့ဝါဒကိုတွေ့နေရသည် (ဥပမာ - ဗင်းဆင့်ဗန်ဂိုး၊ ဂေါ်ဂင်၊ ရှူးစိုး၊ ဗော်လ်တဲယား)။

ထိုသို့အခြေအနေဆိုးလာခြင်းသည် ပထမကမ္ဘာစစ်နှင့်ဒုတိယကမ္ဘာစစ်အပြီးတွင် အဆုံးစွန်သို့ရောက်ပါတော့သည်။ ထိုသို့ ခရစ်ယာန်တို့၏ယုံကြည်ခြင်းကို ပစ်ပယ်လိုက်ခြင်း၏ရလဒ်မှာ ဘဝ၏ အဓိပ္ပါယ်မဲ့မှုအချည်းနှီးဖြစ်မှု၊ မျော်လင့်ခြင်းမဲ့မှု၊ ငြီးငွေ့မှု၊ ရည်ရွယ်ချက်မဲ့မှု၊ ဟာလာဟင်းလင်းဖြစ်မှုတို့ ဖြစ်သည်။ ထိုအခြေအနေတို့ကို ပြသော ဒဿနအတွေးအခေါ်ဝါဒတို့ကို ဥပမာပြရလျှင် ဖြစ်တည်မှုပဓာနဝါဒ (Existentialism)၊ နတ္ထိဖြစ်ခြင်းဝါဒ(Nihilism = အမှန်တရားဟူသည်မရှိ၊ ကိုယ်ကျင့်တရားတွင် စံထားရာမရှိဟုယုံသောဝါဒဖြစ်သည်) စသည်တို့ဖြစ်ပါမည်။ ထို့ကြောင့် ယနေ့ခေတ်သစ်ပန်းချီကားများကို ကြည့်ပါ၊ ရှုတ်ထွေးလျှက် ဘာကိုဆွဲလိုကြောင်း ဘယ်လိုမှမသိနိုင်တော့ပါ။ ထိုပန်းချီကိုပင် မောဒန်အာ့တ် ဟုခေါ်ကြလေသည်။

ထိုသို့ပျက်ဆီးလာခြင်းသည် ဂီတတွင်လည်း ရိုက်ခတ်လာခဲ့ပါသည်။ ရလဒ်မှာ ရော့ခ်အင်ရိုးမှုစသည့် ရော့ခ်မြူးဇစ်ဖြစ်တော့သည်။ ထိုမြူးဇစ်ကပြောချင်သည်မှာ ဘုရားသေပြီ၊ ဘဝသည်အဓိပ္ပါယ်မရှိ၊ ဘဝသည် ရှုတ်ထွေးမှုတခုဖြစ်သည်၊ အထိန်းအကွတ်မရှိ၊ အနှစ်သာရတခုမှမရှိဟုပြောနေခြင်းဖြစ်သည်။ ရော့ခ်ဂီတသည် ကြားနေမဟုတ်ပါ။ ရော့ခ်ဂီတသည် တခုခုကိုပြောနေခြင်းဖြစ်သည်။ ထိုဂီတသည် ပြောင်းလဲခြင်းအသက်တာသစ်ကိုမရသူတို့၏နှလုံးသားများမှ ပေါက်ကွဲထွက်လာသော၊ ဘဝ၏အနှစ်သာရကင်းမဲ့မှုကို ဖေါ်ထုတ်နေခြင်းဖြစ်သည်။ လောကကိုကြည့်ပါ၊ စစ်ပွဲများ၊ သတ်ဖြတ်မှုများ၊ မုန်းတီးမှုများ၊ ရန်လိုမှုများ၊ ကပ်ဆိုးများ၊ ရောဂါဆိုးများ ကမ္ဘာဆိုသည်မှာ လူ့လောကဆိုသည်မှာ ဒါဘဲဖြစ်သည်၊ မျော်လင့်စရာမရှိ၊ အဓိပ္ပါယ်မဲ့၊ ဖြစ်ချင်သလိုဖြစ်ဟုပြောနေခြင်းဖြစ်သည်။ ခရစ်ယာန်တို့၏ယုံကြည်ခြင်းကိုစွန့်ပယ်လိုက်လျှင် ရလဒ်သည်ထိုမျှသာဖြစ်ပါသည်။ ၎င်းဂီတမြစ်ဖျားခံရာ အာဖရိကတိုက်မှာလိုပင်၊ နတ်ဆိုး၏လွှမ်းမိုးမှုကို နောက်တခါ လူသားများထံသို့ ပုံစံသစ်အသွင်သစ်ဖြင့် ပြန်ပေါ်လာသောဂီတသည် ရော့ခ်ဂီတ ဖြစ်သည်။

### ရော့ခ်ဂီတ၏နောက်ဆက်တွဲပြဿနာများ

သခင်ယေရှုက အပင်ကို ၎င်း၏အသီးဖြင့်ခွဲခြားနိုင်သည်ဟုပြောခဲ့ပါသည် (မဿဲ ၇း၁၇)။ ထို့ကြောင့် ရော့ခ်ဂီတ၏အသီးအပါင့်များကိုကြည့်၍ ဘာပင်ဖြစ်ကြောင်းသိနိုင်ပါသည်။ ရော့ခ်ဂီတသည် တယောက်ခြင်းအသက်တာကို အကျိုးသက်ရောက်မှုရှိစေပါသည်။ မျိုးစုံသောအကျိုးသက်ရောက်မှုများသည် ရော့ခ်ဂီတပွဲကြီးများမှ အကြမ်းဖက်မှုများမှစ၍ ရော့ခ်မြူးဇစ်ကိုနားထောင်ကြသော လူငယ်တို့၏ အာဏာဖီဆန်လိုမှုပုံစံထိအောင် များပြားလှပါသည်။ ထိုဂီတက အာဏာဖီဆန်ခြင်း၊ ပုန်ကန်ခြင်းကို အားပေးသည်၊ ဘုရား၏နာမကိုရှုတ်ချသည်၊ လိင်မှုကိုစွစည်းမဲ့ကမ်းမဲ့ကျူးလွန်ခိုင်းသည်၊ လိင်တူဆက်ဆံခြင်းကိုအားပေးသည်၊ မူယစ်ဆေးဝါးသုံးစွဲစေသည်။ ထို့ကြောင့် စာရေးဆရာ ဒေးဗစ်ဒဗလျူရှီယာ (David W Scheer)က လူငယ်ရှိသောမိဘတို့အတွက်ရော့ခ်ဂိုက်စာအုပ်ထဲတွင် အကျိုးသက်ရောက်မှုများကို ယ္ခုလိုစာရင်းပြုစုထားသည်။

၁။ ရော့ခ်နှင့်လိင်ကိစ္စ
၂။ ရော့ခ်နှင့်မူးယစ်ဆေး(စိတ်ကြွဆေးမျိုးစုံ)
၃။ ရော့ခ်နှင့်ရိုင်းစိုင်းကြမ်းတမ်းမှု
၄။ ရော့ခ်နှင့်ဘုရားနာမကိုညစ်ညစ်ပတ်ပတ်ဆဲဆိုခြင်း(အဆက်မပြတ်ဆဲဆိုနေခြင်း)
၅။ ရော့ခ်နှင့်ဆုံးကဝေအောက်လမ်းပညာများပတ်သက်ခြင်း

ကျမ်းစာက ဝိညာဉ်၏အသီးအပွင့်များဟု ပြောင်းလဲသူတို့၏အသက်တာတွင်တွေ့ရသည့်ကောင်းသော အကျင့်စရိုက်များကိုပြောသလို၊ မယုံကြည်သူတို့၏ သွေးအသား၏အသီးအပွင့်များဟူ၊ မပြောင်းလဲသောအသက်တာများ၏အကျင့်စရိုက်ဆိုးများကိုလဲ ပြောပြပါသည်။ ဂလာတိဩဝါဒစာ(၅)တွင် သေချာစွာ ပြောပြပါသည်။ ရော့ခ်ဂီတကြောင့်ဖြစ်ပေါ်သောစရိုက်များနှင့်နှိုင်းယှဉ်ကြည့်ပါ။

“ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မူကား သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာ လွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ သူတပါးကိုပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်း ကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ယဇ်မျိုးကိုသောက်ကျူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သော်အကျင့်ပေးတည်း။” (ဂလာတိ ၅း၁၉-၂၁)

ထိုအကျင့်များအားလုံးကို ရော့ခ်ဂီတပွဲကြီးများတွင် တွေ့ရကြောင်း လူတိုင်းကအသိဖြစ်သည်။ ထို့ကြောင့် ရော့ခ်ဂီတပွဲကြီးများသည် စာတန်၏ပွဲဖြစ်သည်။ ရော့ခ်ဂီတပွဲတိုင်းတွင် တက်ရောက်သူရောဖျော်ဖြေကြသူများသည် စိတ်ကြွဆေးနှင့်အရက်ကို အလွန်အကျွံသုံးကြသည်။ လူရှေ့တွင် ကိုယ်လုံးတီးနှင့်လိင်ဆက်ဆံကြသည်၊ ဆူညံစွာအော်ဟစ်ကြသည်စသည့် လူမဆန်သောအမူအကျင့်များကို ပထမဆုံးရော့ခ်ကွန်းဆပ်(ဂီတပွဲ)ကျင်းပချိန်၊ ၁၉၆၉ မှ ယနေ့တိုင် တွေ့နေရသည်မှာ မည်သူမှကွယ်ဝှက်မထားသောကိစ္စဖြစ်ပါသည်။

ထို့ကြောင့် ရော့ခ်မြူးဇစ်သည် နတ်ဆိုး၏ဂီတဖြစ်သည်။ ထို့ကြောင့် ရော့ခ်သီချင်းဖြင့် ခရစ်ယာန်အကြောင်းကိုပြော၍မရပါ။ ယနေ့ခေတ် ခရစ်ယာန်သီချင်းဟု နာမည်တပ်နေကြသောသီချင်းများ၊ တီးသောတီးလုံးများသည် ရော့ခ်ပုံစံဖြစ်နေကြရာ၊ နတ်ဆိုး၏နာမကိုသာသီဆိုနေကြခြင်းဖြစ်သည်။ ခေတ်ပေါ်ဓမ္မသီချင်းဟုဆိုဆို၊ ခေတ်သစ်ခရစ်ယာန်လူငယ်များသီချင်းဟုပြောပြော၊ ထိုဂီတပုံစံသည် နတ်ဆိုးအတွက်သာဖြစ်နေကြပါသည်။ ခရစ်ယာန်ရော့ခ်ဟုပြောခြင်းသည် နာမပညတ်မှားယွင်းနေမှုတခုသာဖြစ်သည်(misnomer)။ ထိုနတ်ဆိုး၏ဂီတတွင် ရော့ခ်မျိုးစုံနှင့်ခေတ်သစ်ထပ်မံပေးလာသော ဟစ်ဟော့၊ ရက်ပ်၊ ပါန့်ခ်၊ မောဒန်ဂီတ အားလုံးပါဝင်ပါသည်။

ဂီတနှင့်နတ်ဆိုးဆက်နွယ်မှုကို ယုံကြည်သူတို့ မအံ့သြကြပါ။ ကျမ်းစာကပြောပါသည် စာတန်သည် “ဤလောကကိုအစိုးရသောဘုရား”ဖြစ်သည် (၂ကော ၄း၄)။ ရှင်ပေတရုကစာတန်သည် “ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟု လှည့်လည်ရှာဖွေနေသည်”ဟုပြောခဲ့ပါသည် (၁ပေ ၅း၈)။ စာတန်သည် မိမိကိုယ်ကို အလင်း၏ကောင်းတမန်ကဲ့သို့လည်း ဟန်ဆောင်တတ်ပါသည် (၂ကော ၁၁း၁၄)။ မိမိကိုယ်ကို သိုးရေခြုံလျှက် သိုးအုပ်ထဲဝင်၍ ကိုက်ဖြတ်စားသောက်ပါသည်။ ထိုသို့ပြုခြင်းကို ရော့ခ်ဂီတနှင့်ထိုသို့သောခေတ်သစ်ဂီတများဖြင့် ပြုနေသည်ကို သတိပြုရပါမည်။ ထိုသို့လိမ်ညာခြင်းကို လူအများက လက်ခံမည့်အကြောင်းလဲ ရှင်ပေါလုကပြောခဲ့ပါသည် “နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်ဟု သိမှတ်လော့။ အဘယ်သို့နည်းဟူမူကား လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကို နားမထောင်သောသူ၊ ကျေးဇူးမိသိတတ်သူ၊ သန့်ရှင်းခြင်းမရှိသူ၊ ချစ်စရာမကောင်းသူ၊ ခွင့်မလွှတ်ချင်သူ၊ မကောင်းပြောသူ၊ အထိန်းအကွက်မရှိသူ၊ ကောင်းမြတ်ခြင်းကိုတိရိစ္ဆာန်စိတ်ရှိ၍အထင်သေးသူ၊ သစ္စာဖေါက်သူ၊ ခေါင်းမာမောက်မာသူ၊ ရိုင်းပြသူ၊ ဘုရားသခင်ကိုချစ်သည်ထက်ကာမဂုဏ်ခံစားခြင်းကို ချစ်သူ ဖြစ်လာကြလိမ့်မည်။” (၂တိ ၃း၁-၅ မူရင်းအင်္ဂလိပ်ကျမ်းမှ)

ပေါလုထိုစကားပြောခဲ့သည်မှာ အေဒီ ၆၅ ဝန်းကျင်ကဖြစ်သည်။ ယနေ့ အေဒီ ၂၀၀၉ ရှိပြီ၊ ထိုကျမ်းပိုက်ကပြောသူများ လမ်းပေါ်တွင် ပြည့်နေပြီ။ ထို့ကြောင့် လိင်မှုကိုဦးစားပေးသော ရော့ခ်၊ ဟစ်ဟော့၊ ရပ့်၊ ပုံစံသစ်ဒစ္စကို၊ နိုက်ကလပ်များ၊ ဒန့်စ်မြူးဇစ်များကို၊ အရက်၊ စိတ်ကြွဆေးမျိုးစုံနှင့်သုံး၍ ဖြစ်ချင်တိုင်းဖြစ်ပျက်ဆီးနေသူများများသည်ထက်များလာပြီ။ ကျွန်တော်တို့ကလေးများမပါဖို့၊ ပညာရှိဖို့ သတိပြုကြရပါမည်။

အမှုတော်မြတ်၌

ဆရာဆန်ကျဲ

Rock Music: For Christian or Not! by Rev C Bouwman ကိုဆီလျှော်အောင်ဘာသာပြန်သည်။